# ဒုတိယအကြိမ်မန္တလေးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီ၏ မြို့နယ်များသို့ ကွင်းဆင်းတွေ့ဆုံပွဲမှ တွေ့ရှိချက်အစီရင်ခံစာ

**နိဒါန်း**

၁။ မန္တလေးတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီသည်(၁၇.၁၀.၂၀၁၉) ရက်နေ့မှ (၁၈.၁၀.၂၀၁၉) ရက်နေ့အထိ မြင်းခြံ၊ ညောင်ဦး၊ မိတ္ထီလာနှင့် ရမည်းသင်းမြို့နယ်များရှိ ဒေသခံစိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။

**ရည်ရွယ်ချက်**

၂။ ဒေသခံတောင်သူလယ်သမားများနှင့် မွေးမြူရေးလုပ်ကိုင်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

**ကွင်းဆင်းဆောင်ရွက်မှုအခြေအနေ**

၃။ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကော်မတီမှ အောက်ပါကော်မတီဝင်များ ကွင်းဆင်း၍ တွေ့ဆုံဆွေးနွေးပွဲ ဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးမြင့်ဆွေ | ဥက္ကဋ္ဌ | စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီ |
| (ခ) | ဒေါက်တာကျော်နိုင်ဦး | အတွင်းရေးမှူး | ,, |
| (ဂ) | ဦးရဲမင်းဦး | အဖွဲ့ဝင် | ,, |
| (ဃ) | ဦးမင်းအောင် | ,, | ,, |
| (င) | ဦးစိုးမင်းထက် | ,, | ,, |
| (စ) | ဗိုလ်မှူးနိုင်လင်းအောင် | ,, | ,, |

၄။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့် တွေ့ဆုံရာတွင် မိတ်ဆက်စကားပြောကြားပြီး တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၏ တွေ့ကြုံရသည့်အခက်အခဲများကို တင်ပြပေးရန်ဆွေးနွေးပြောကြားပါသည်။

**မြင်းခြံမြို့နယ်တွေ့ဆုံပွဲ**

၅။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့ (၁၀၀၀) နာရီတွင် မြင်းခြံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာ ဒေသခံပြည်သူ (၁၁၁) ဦး တက်ရောက်ခဲ့ပါသည်။

**မြင်းခြံမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏တင်ပြချက်**

၆။ မြင်းခြံမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ တွေ့ကြုံရသည့် အခက်အခဲများကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်-

(က) စိုက်ပျိုးရေလုံလောက်စွာရရှိရေး

( ခ ) ပုံစံ(၇) ရရှိရေး

( ဂ ) မျိုးကောင်းမျိုးသန့်ရရှိရေး

(ဃ) စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မှီရရှိရေးနှင့် နှစ်ရှည်ချေးငှားနိုင်ရေး

( င ) အသက်မွေးဝမ်းကျောင်းပညာသင်ကြားနိုင်ရေး

( စ ) မြေယာမှုခင်းများ တရားရုံးသို့လွှဲပြောင်းခြင်းမပြုရေး

(ဆ) သွင်းအားစုများအပေါ်အရည်အသွေးပြည့်မှီရေးအတွက်စနစ်တကျစစ်ဆေးပေးနိုင်ရေး

( ဇ ) သီးနှံဈေးကွက်ခိုင်မာရေးအတွက် နိုင်ငံတကာနှင့်အစိုးရမှချိတ်ဆက်ပေးနိုင်ရေး

(ဈ ) ရာသီဥတုနှင့်ဈေးကွက်သတင်းများအား တောင်သူများမှ အချိန်မှီသိရှိနိုင်ရေး

**ညောင်ဦးမြို့နယ်တွေ့ဆုံပွဲ**

၇။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့ (၁၄၀၀) နာရီတွင် ညောင်ဦးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာ ဒေသခံပြည်သူ (၇၆) ဦး တက်ရောက်ခဲ့ပါသည်။

**ညောင်ဦးမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏တင်ပြချက်**

၈။ ညောင်ဦးမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ တွေ့ကြုံရသည့်အခက်အခဲများကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်-

(က) သီးနှံဈေးကွက်ခိုင်မာမှုရှိရေး

( ခ ) စိုက်ပျိုးရေလုံလောက်စွာရရှိရေး

( ဂ ) စိုက်ပျိုးစရိတ်ချေးငွေအား ယခုထက်ပိုမိုတိုးမြှင့်ပေးရန်

(ဃ) သိမ်းဆည်းခံလယ်ယာမြေများ မူလပိုင်ရှင်ထံသို့အမြန်ပြန်လည်ရရှိရန်

( င ) တောင်သူများအတွက် ဈေးသက်သာနိုင်စေရန် စိုက်ပျိုးရေးသုံးစက်ကိရိယာများ တင်သွင်းရာတွင် အခွန်ကောက်ခံမှု လျှော့ပေါ့ပေးရန်။

( စ ) **Dry Zone** သစ်တောစီမံကိန်းကို ရေရှည်တည်တံ့အောင်လုပ်ဆောင်ရန်။

**မိတ္ထီလာမြို့နယ်တွေ့ဆုံပွဲ**

၉။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ (၁၀၀၀) နာရီတွင် မိတ္ထီလာမြို့နယ် ကန်တော် မင်္ဂလာခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာ ဒေသခံ ပြည်သူ (၁၁၅) ဦး တက်ရောက်ခဲ့ပါသည်။

**မိတ္ထီလာမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏တင်ပြချက်**

၁၀။ မိတ္ထီလာမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ တွေ့ကြုံရသည့် အခက်အခဲများကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်-

(က) စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊

( ခ ) စိုက်ပျိုးရေးဦးစီးဌာနမှတောင်သူများထံသို့မျိုးကောင်းမျိုးသန့်များဖြန့်ဖြူးပေးနိုင်ရေး၊

( ဂ ) အရည်အသွေးပြည့်မီသောသွင်းအားစုများရရှိရေး၊

(ဃ) တောင်သူများထံသို့ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးပေးရေး၊

( င ) စပါးသာမက အခြားသီးနှံများကိုလည်း အခြေခံဈေးသတ်မှတ်ပေးနိုင်ရေး၊

( စ ) မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် နိုင်ငံတော်မှ နှစ်ရှည်ချေးငွေချထားပေးနိုင်ရေး

(ဆ) ပုံစံ(၇)များ မှားယွင်းနေမှုများအား အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးနိုင်ရေး

**ရမည်းသင်းမြို့နယ်တွေ့ဆုံပွဲ**

၁၁။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ (၁၄၀၀) နာရီတွင် ရမည်းသင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရာ ဒေသခံ ပြည်သူ (၇၄) ဦး တက်ရောက်ခဲ့ပါသည်။

**ရမည်းသင်းမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏တင်ပြချက်**

၁၂။ ရမည်းသင်းမြို့နယ် တောင်သူများနှင့် မွေးမြူရေးလုပ်ကိုင်သူများ၏ တွေ့ကြုံရသည့် အခက်အခဲများကို အောက်ပါအတိုင်းတင်ပြခဲ့ပါသည်-

(က) စိုက်ပျိုးရေးအတွက် ရေလုံလောက်စွာရရှိရေး၊

( ခ ) မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် နိုင်ငံတော်မှ နှစ်ရှည်ချေးငွေချထားပေးနိုင်ရေး၊

( ဂ ) တောင်သူများ အပိုဝင်ငွေရရှိစေရန်အတွက် အားလပ်ချိန်တွင် အသက်မွေးဝမ်းကြောင်းပညာရပ်တစ်ခုခု သင်ကြားပေးနိုင်ရေး၊

(ဃ) တောင်သူများငှားရမ်းရသော လုပ်အားခနှင့် ထွက်ရှိလာသောသီးနှံဈေးနှုန်းမကိုက်ညီသဖြင့် အရှုံးပေါ်နေသောကြောင့် ဈေးကွက်ကောင်းမွန်အောင်လုပ်ဆောင်ပေးနိုင်ရေး၊

( င ) မြေယာအငြင်းပွားမှုများနှင့်ပတ်သက်၍ တရားရုံးများသို့ လွှဲအပ်ပါက ငွေကုန်၊ အချိန်ကုန်သည့်အတွက်မြို့နယ်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ပြီးပြတ်အောင်ဆောင်ရွက်ပေးရန်၊

**အကြံပြုသုံးသပ်ချက်**

၁၃။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီမှ မြို့နယ်များသို့ ကွင်းဆင်း၍ ဒေသခံစိုက်ပျိုးရေးလုပ်ကိုင်သူတောင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် တွေ့ဆုံဆွေးနွေးရာတွင် အောက်ပါကိစ္စရပ်များ ဆောင်ရွက်ပေးသင့်ကြောင်း အကြံပြုသုံးသပ် တင်ပြအပ်ပါသည်-

(က) တောင်သူများ သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးရန် လိုအပ်ခြင်း၊

( ခ ) ပုံစံ(၇)ကိစ္စနှင့်ပတ်သက်၍ မရရှိသေးသူများအား ပုံစံ(၇)ထုတ်ပေးရန်၊ မှားယွင်းထုတ်ပေးထားသော ပုံစံ(၇)များအား အမှန်ပြင်ဆင်ပေးရန်နှင့် ပုံစံ(၇) ထုတ်ပေးပြီးပျောက်ဆုံးနေသူများအား ထပ်မံထုတ်ပေးရန်၊

( ဂ ) စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီ ရရှိရေးနှင့် နှစ်ရှည် ချေးငှားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(ဃ) အားလပ်ချိန်တွင် အသက်မွေးဝမ်းကြောင်း ပညာသင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရရန်၊

( င ) သွင်းအားစုများ အရည်အသွေးပြည့်မီစေရေးနှင့် သွင်းအားစုအပေါ်အခွန် ကောက်ခံမှုလျှော့ချပေးရန်၊

( စ ) စိုက်ပျိုးရေရရှိရေးအတွက် တိမ်ကောနေသော ဆည်ငယ်၊ ကန်ငယ်များအား ပြန်လည်တူးဖော်ဆောင်ရွက်ပေးရန်နှင့် ရေပေးမြောင်းများ ပြင်ဆင်ပေးရန်၊

(ဆ) သီးနှံဈေးကွက်ခိုင်မာစေရန်အတွက် အစိုးရအဖွဲ့မှ နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ပေးရန်၊

( ဇ ) ရာသီဥတု၊ သီးနှံဈေးကွက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ဆိုရှယ်မီဒီယာများမှ လွယ်ကူစွာရရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊

(ဈ) မြေယာအငြင်းပွားမှုများနှင့်ပတ်သက်၍ တရားရုံးများသို့ လွှဲအပ်နေသည်ကို တွေ့ရှိရပါသည်။ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ ပြီးပြတ်အောင် ဆောင်ရွက်ပေးရန်၊

**နိဂုံး**

၁၄။ ဒုတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီသည် မြန်မာနိုင်ငံလူဦးရေ၏(၇၀)ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေ တောင်သူလယ်သမားများ၊ မွေးမြူရေးလုပ်ကိုင်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ပြီး တောင်သူလယ်သမားများ အမှန်တကယ်လိုအပ်လျက်ရှိသော သုံးသပ်အကြံပြုချက်**တွင်ပါဝင်သည့်** ဆောင်ရွက်ပေးသင့်သည့်လုပ်ငန်းများအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ချိတ်ဆက်၍ ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**
**စိုက်ပျိုးရေးနှင့်မွေးမြူရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**